## စစ်မှန်သောအသင်းတော်

ကွဲပြားသော ဂိုဏ်းဂဏ အသင်းတော် များစွာရှိ သည်။ ထိုဂိုဏ်းဂဏ အသီးသီး၌ တည်ထောင်သူ အသီးသီးရှိကြသည်။ ထို ဂိုဏ်းဂဏများသည် မတူညီသော နေရာ နှင့် မတူညီသော အချိန်တွင် အစပြုကြသည်။ ဂိုဏ်းဂဏ အသီးသီး၌ နာမည် အသီးသီး ရှိကြ သည်။ သူတို့၏ ကြိုက်နှစ်သက်သည့် ပုံစံဖြင့် ဝတ်ပြုကိုးကွယ်ကြ သည်။ ဂိုဏ်းဂဏ အသီးသီး တွင်မတူညီသော ဖွဲ့စည်းပုံ အသီးသီး ရှိကြသည်။ မတူညီသော သွန်သင် မှုချက် မျိုးမျိုးရှိကြသည်။ ကယ်တင်ခြင်းသို့ ရောက်ရန် နည်းလမ်းမျိုးမျိုးဖြင့် သွန်သင် ကြသည်။

အံ့သြစရာကောင်းသည်မှာ ဤကဲ့သို့ ရှုပ်ထွေးနေသည် ကို သမ္မာကျမ်းစာက လက်ခံသည် ဟု ယုံကြည်ပြီး ကျေးကျော် နေခြင်းပင် ဖြစ်သည်။ ဤ အချက်ပေါ်တွင် မည်သည့် မေးခွန်းကို မှ မေးမြန်းခြင်း မရှိ။ တချို့က ကျွန်တော်တို့ အားလုံးသည် ကောင်းကင်သို့ ရောက်ကြမည်ဟု ပြောဆိုနေကြသည်။ ကျွန်တော်တို့သည် နည်းလမ်း အမျိုးမျိုးဖြင့် ကောင်းကင်သို့ ရောက်ကြမည်ဟု ပြောဆိုနေကြသည်။ တချို့က အသင်းတော်အားလုံး ကောင်းပါသည် ဟု ဆိုကြသည်။ တချို့.က သင်ကြိုက်နှစ်သက်သည့် အသင်းတော် ကို ရွေးချယ်၍ ရသည် ဆိုကြသည်။

ဘုရားသခင်သည် ကိုယ်ကြိုက်နှစ်သက်သည့် အသင်းတော်ကို ရွေးချယ်ခွင့် ပြုပါသလား။ သမ္မာကျမ်းစာက အသင်းတော် အကြောင်း ဖွင့်ပြပါသလား။ သခင်ယေရှု က အသင်းတော်တည်ထောင်ခဲ့လျှင် ကျွန်တော်တို့သည် လူ တည်ထောင်သော အသင်းတော်တွင် ရှိနေသည် ထက် သခင်ခရစ်တော်၏ အသင်းတော်၌ ရှိမနေ သင့်ဘူးလား။ သမ္မာကျမ်းစာ က မည်ကဲ့သို့ သွန်သင်ပါသနည်း။

## သမ္မာကျမ်းစာက ကွဲပြားခြင်းကို မြစ်တားထားသည်

ယေရှုက သူ့ကို ယုံကြည်သောသူအားလုံးတို့သည် တလုံးတဝတည်း ဖြစ်ရန် ဆုတောင်းသည်။ ( ယော ၁၇း၂၀-၂၃ )။ ကွဲပြားနေသော ကောရိန္တုမြို့ရှိ အသင်းတော်ကို ရှင်ပေါလု က ပြင်းထန်စွာ ဆုံးမခဲ့သည်။ "***ညီအစ်ကိုတို့ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်း ဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘော တသံတသမတ်တည်း ရှိသည်နှင့် စေ့စက်စုံလင်ကြမည်အ ကြောင်း ငါတို့ သခင်းယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ သင်တို့ကို ငါနိုးဆော်တောင်းပန်ပါ၏။***" ( **၁ကော ၁း၁၀** )။ ခရစ်ယာန်များသည် မှားယွင်းသော သွန်သင်ချက်များအားဖြင့် ကွဲပြားစေသူများကို သတိပြုရန် မိန့်ဆိုထားသည်။ ( ရောမ ၁၆း၁၆-၁၇ )။

## တစ်ပါးတည်းသောအသင်းတော်

ယေရှု က " ***ဤကျောက်ပေါ်တွင် ငါ့အသင်းကို ငါတည်ဆောက်မည်***" ဟု ကတိပေးခဲ့သည်။ ( **မသဲ ၁၆း၁၈** )။ ယေရှု က ဂိုဏ်းဂဏ အသင်းတော်များစွာကို တည်ဆောက်ရန် ကတိ မပေးခဲ့ပါ။ သူ့အသင်းတော် ကို တည်ဆောက်ရန်သာ ကတိပေးခဲ့သည်။ ယေရှုသည် သူ့ အသင်းတော်အတွက် အသေခံခဲ့သည်။ ( တမန် ၂၀း၂၈ ,ဖေက် ၅း၂၅ )။ ယေရှု က ဂိုဏ်းဂဏ အသင်းတော်များ တည်ထောင်ခဲ့ကြောင်း မည်သည့် ကျမ်းချက်ကမှ မဖော်ပြပါ။ လူ တည်ထောင်သော ဂိုဏ်းဂဏ အသင်းတော်များအတွက် ယေရှုအသေခံကြောင်း လည်း မည်သည့်ကျမ်းချက် ကမှ မရေးထားပါ။ ယေရှုသည် သူ့အသွေးတော် နှင့် ရွေးဝယ်သော အသင်းတော်တစ်ပါးတည်း အတွက်သာလျှင် အသေခံပါသည်။

အသင်းတော်သည် ခရစ်တော်၏ ခန္ဓာကိုယ် ဖြစ်သည်။ ( ဖေက် ၁း၂၂-၂၃ )။ ခန္ဓာကိုယ်တစ်ခုတည်းသာ ရှိသည်။ (ဖေက် ၄း၄ )။ ထို့ကြောင့် အသင်းတော်တစ်ပါးတည်း သာရှိသည်။ခရစ်တော်သည် သူ့ ခန္ဓာကိုယ်ကို ကယ်တင်သူ ဖြစ်သည်။ ( ဖေက် ၅း ၂၃ )။ ကျွန်တော်တို့သည် ကယ်တင်ခြင်းသို့ ရောက်လို လျှင် သူ့၏ ခန္ဓာကိုယ်ထဲ၌ သာ ရှိရမည်ဖြစ်သည်။ ကျွန်တော်တို့သည် လူတည်ထောင်သော ဂိုဏ်းဂဏ အသင်းတော်ထဲတွင် နေ၍ ကယ်တင်ခြင်းသို့ မရောက်နိုင်ပါ။

## အသင်းတော်သည် အေဒီ ၃၃ ခုနှစ်တွင် ယေရုစလင်မြို့၌ အစပြုသည်။

ယေရှုက သူ့အသင်းတော်ကို တည်ထောင်ရန် ကတိပေးခဲ့သည်။ ( မသဲ ၁၆း၁၈ )။ " နောက်ဆုံးသောကာလ" တွင် ယေရုစလင်မြို့၌ အသင်းတော်တည်ထောင် ရန် ပရောဖက်များ ကြိုတင်ဟောပြောခဲ့သည်။ ( ဟေရှာယ ၂း၂-၃ ၊ ယောလ ၂း၂၈-၃၂)။ ယေရှု က သူ့ တပည့်တော်များကို ယေရှုစလင်မြို့တွင် သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်နေရန် မိန့်တော်မူခဲ့သည်။( တမန်တော် ၁း၄-၈ )။ ပင်တေကုတ္တေပွဲနေ့တွင် တမန်တော်များအပေါ်သို့ သန့်ရှင်းသောဝိညာဉ် တော် ဆင်းသက်ခဲ့သည်။ ( တမန်တော်၂း၁-၁၃ )။ ပေတရုက ဤသည် ပရောဖက် ယောလ၏ ပရောဖက်ပြုချက် ပြည့်စုံကြောင်းပြောသည်။( တမန်တော် ၂း၁၆-၂၁)။ ပေတရု က လူအုပ်ကြီးကို သတင်းကောင်း ဟောပြောခဲ့သည်။ လူအုပ်ကြီးသည် သတင်းကောင်းကို ကြားသောအခါ ယုံကြည်ခြင်းသို့ရောက်ကြပြီ သူတို့အပြစ်များမှ နောင်တရကာ ဗတ္တိဇံ ခံ သောသူတို့ကို သခင်ဘုရားသည် သူ့အသင်းတော်ထဲသို့ သင်းဝင်စေတော်မူသည်။ ( တမန်တော် ၂း၂၂-၄၇ )။ ဒီကနေ့လည်း သတင်းကောင်းကို ယုံကြည်ပြီး ဗတ္တိဇံကို ခံသောသူအားလုံးတို့ကို သခင်ဘုရားသည် သူ့အသင်းတော်ထဲသို့ သင်းဝင်စေပါသည်။

## ယေရှုသည် အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူ သည်

"***အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်း ဖြစ်တော်မူ၏။အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသော သူတို့တွင် သားဦးဖြစ်တော်မူ၏***" ( **ကောလောသဲ ၁း၁၈** )။ အသင်းတော်၏ ဦးခေါင်းသည် လူတဦးတစ်ယောက် ဖြစ်ကြောင်း သမ္မာကျမ်းစာ တွင် ကျွန်တော်တို့ မတွေ့ရပါ။ စစ်မှန်သော အသင်းတော်အပေါ်၌ အုပ်ချုပ်သူ ဓမ္မဆရာ၊ သင်းအုပ်ဆရာ၊ ယဇ်ပရောဟိတ်၊ ပုပ်ရဟန်း၊ ဥက္ကဋ္ဌ၊ ကောမတီ ဟူ၍ မရှိပါ။ ခရစ်တပါးတည်းသာလျှင် အသင်းတော်၏ ဦခေါင်းဖြစ်သည်။ စစ်မှန်သော အသင်းတော်၏ ဌာနချုပ်မှာ အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူသော ယေရှု ရှိသည့်နေရာ ကောင်းကင်သာလျှင်ဖြစ် သည်။ ( တမန်တော် ၂း၃၃-၃၆ )။

## အသင်းသူ အသင်း သား များသည် လွတ်လပ် စွာ ရှိ သည်

ခန္ဓာကိုယ်တခု တည်းရှိသောကြောင့် ခရစ်ယာန်များသည် နေရာဒေသ အသီးသီး ၌ အတူတကွ စုရုံးပြီး ဝတ်ပြုကိုးကွယ်ကြသည်။ ရှင်ပေါလု က ရောမြို့၌ရှိသော ခရစ်ယာန်များကို " ***ခရစ်တော်၏အသင်းတော်အပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏***" ဟုရေးသားသည်။ ရှင်ပေါလုသည် ကွဲပြားသော ဂိုဏ်းဂဏအသင်းတော်များကို ပြောဆိုနေခြင်းမဟုတ်ဘဲ နေရာဒေသ အသီးသီး၌ စုရုံးလျက်ရှိသော ခရစ်ယာန် များကို ပြောဆိုနေခြင်းဖြစ်သည်။ ထိုသို့ အတူတကွ စုရုံးခြင်းအားဖြင့် ခရစ်တော်၏ခန္ဓာကိုယ်ကို တည်ဆောက်ကြသည်။ ရှင်ပေါလု က ကောရိန္တုမြို့၌ ရှိသော သန့်ရှင်းသူများကို " ***ကောရိန္တုမြို့၌ရှိသော ဘုရားသခင်၏ အသင်းတော်***" ဟု နှုတ်ဆက်ပါသည်။ ( ၁ကော ၁း၂ )။ ရှင်ပေါလုသည် ဖေက်မြို့၌ရှိသော သင်းလူကြီးများကို မိလက်မြို့တွင် သူ့နှင့်တွေ့ရန် ပြောသည်။ ( တမန်တော် ၂၀း၁၇ )။ ပေါလုသည် ဂလာတိပြည်ရှိ မြို့အသီးသီး၌ စုရုံးလျက်ရှိသော ခရစ်ယာန်များကို ရေးသားရာမှာ" ***ဂလာတိပြည်၌ရှိသော အသင်းတော်များ***" ဟု ပြောဆိုပါသည်။ ( ဂလာတိ ၁း၂ )။

ကောင်းကင်ဘုံမှ အုပ်စိုးတော်မူသော ခရစ်တော်မှ တပါး စစ်မှန်သော အသင်းတော်တွင် ဗဟိုဌာန အုပ်ချုပ်ရေးဟူ၍မရှိပါ။ ခရစ်ယာန်အုပ်စု တိုင်းသည်မိမိကိုယ်ကို လွတ်လပ်စွာ အုပ်ချုပ် သည်။ ခရစ်ယာန်အုပ်စုတိုင်း၌ သင်းလူကြီးများ၊ သိုးထိန်းဟုခေါ်သော သင်းအုပ်များ ဟူ၍ အသီးသီးရှိကြသည်။ အန္တိအုတ်မြို့၌ရှိသော အသင်းတော်မှ ယေရုစလင်မြို့၌ရှိသော အသင်းတော်ရှိ သင်းလူကြီးများအား အလှူငွေများ ပေးပို့ခဲ့ကြသည်။ ( တမန်တော် ၁၁း၂၉-၃၀ )။ ပေါလုနှင့် ဗာနဗတို့သည် " ***အသင်းတော်များ၌ သင်းအုပ်တို့ကို ခန့်ထားကြသည်***" (တမန်တော် ၁၄း၂၃ )။ ရှင်ပေါလုက ဖေက်မြို့၌ရှိသော သင်းအုပ်များကို ခေါ်သည် (တမန်တော် ၂၀း၁၇ )။ ရှင်ပေါလုက ဖိလိပ္ပိမြို့၌ရှိသော သန့်ရှင်းသူများနှင့် "***သင်းအုပ်တို့နှင့် သင်းထောက် တို့***" ထံသို့ စာရေးခဲ့သည်။ (ဖိ၁း၁ )။ သင်းအုပ်တို့သည်

ဒေသန္တရအသင်းတော်ရှိ သင်းသူသင်းသားများအပေါ်တွင် အုပ်ချုပ်သောသူများသာ ဖြစ်သည်။ ၁ပေ ၅း၁-၂ )။

## ဝတ်ပြုကိုးကွယ်ခြင်း ပုံစံ

သမ္မာကျမ်းစာထဲ၌ရှိသော အသင်းတော်သည် ခုနစ်ရက်တွင် ပထမနေ့ရက်၌ တွေ့ဆုံကြသည် ( တမန်တော် ၂၀း ၇ ၊ ၁ကော ၁၆း ၁-၂ )။ သူတို့သည် "နံဝိညာဉ်နှင့်၄င်း၊ သစ္စနှင့်၄င်း " ကိုးကွယ်ကြသည်။ (ယော ၄း၂၄ )။ သူတို့သည် ပွဲတော်မင်္ဂလာစားသုံးကြ သည် (မသဲ ၂၆း၂၆-၂၉ ၊ တမန်တော် ၂၀း၇ ၊ ၁ကော ၁၁း ၂၃-၂၆ )။ သူတို့သည် လူ တီထွင်သော တီးဝေတ များ မပါပဲ ဘုရားသခင်ကို ချီးမွမ်းသီဆိုကြ သည် (ဖေက် ၅း၁၉ ၊ ကောလောသဲ ၃း၁၆ ၊ ဟေ ၁၃း၁၅ )။ သူတို့သည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့ ဆုတောင်းပဌာနာပြုကြ သည် ( ၁တေ ၂း ၁-၈ )။ သူတို့သည် ဘုရားသခင်၏ နှတ်ကပတ်တော် ဟောပြောခြင်းကို နာခံကြသည် ( တမန်တော် ၂း ၄၂၊ ၂၀း၇ ၊ မသဲ ၂၈း၂၀ )။ သူတို့သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာခံစား သည့်အတိုင်း ပေးလှူကြသည်။ ( ၁ကော ၁၆း ၁-၂ )။

## အသင်းတော်နှင့်အသင်းသူ အသင်း သားများ၏နာမည် များ

ဂိုဏ်းဂဏ အသင်းတော်များသည် တည်ထောင်သောသူများ၏ နာမည်များဖြင့်မည့်ခေါ်လေ့ရှိကြသည်။ အချို့ ဂိုဏ်းဂဏများမှာ သူတို့ အစပြုသောနေရာဒေသ ၏နာမည်ဖြင့်မည့်ခေါ်ကြ သည်။ သမ္မာကျမ်းစာ၌ရှိသော အသင်းတော်သည် ဘုရားသခင်၏ နာမ ကို ဂုဏ်ပြု သည်။ " ***ဘုရားသခင်၏ အသင်းတော်***" (၁ကော ၁း၂ )နှင့် " ***ခရစ်တော်၏အသင်းတော်***" (မသဲ ၁၆း၁၈၊ ရောမ ၁၆း၁၆ )။ အသင်းတော်ရှိ အသင်းသူအသင်းသားများကို "***တပည့်တော်များ***" ဟုခေါ်သည်။ အကြောင်းမှာ သူတို့သည် ယေရှုထံတော်၌ သင်ယူ နေသောသူများဖြစ် သည်။( တမန်တော် ၆း၁ )။ သူတို့သည် ဤလောက မှ သီးသန့် ခွဲထားခြင်းခံရသော သူများဖြစ်သောကြောင့် " ***သန့်ရှင်းသူများ*** "ဟုခေါ်သည်။ ( ၁ကော ၁း၂ ၊ဖိ၁း၁ )။ သူတို့သည် ဘုရားသခင်၏ မိသားစုထဲသို့ဒုတိယကြိမ် မွေးဖွားခြင်း ခံသောသူများဖြစ်သော ကြောင့် " ***ဘုရားသခင်၏ သားသမီးများ*** "ဟုခေါ်သည်။ ( ယော ၃း ၃-၅ ၊ ၁ယော ၃း ၁ )။ တခါတရံတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ရန် ယေရှုခရစ်တော်ကို ယုံကြည်သောကြောင့် " ***ယုံကြည်သူများ*** " ဟုခေါ်သည်။ ( တမန်တော် ၅း၁၄၊ ယော ၈း ၂၄ )။ သူတို့သည် ခန္ဓာကိုယ် တခုတည်းတွင် ဆက်နွယ်နေ သောသူများဖြစ်သော ကြောင့် "***အင်္ဂါများ*** " ဖြစ်ကြသည်။ ( ၁ကော ၁၂း ၂၇ )။ သမ္မာကျမ်းအသင်းတော်၏ အသင်းသူအသင်းများကို "***ခရစ်ယာန်များ***" ဟု လည်းခေါ်သည်။ ဘုရားသခင်သည် သူ့လူမျိုးများ ကို နာမည်သစ် ပေး မည်ဖြစ်ကြောင်း ဟောရှာယ က ပရောဖက်ပြုထားပါသည်။ ( ဟေ ၆၂း ၂ ၊ တမန်တော် ၁၁း ၂၆ ၊ ၂၆း ၂၈၊ ၁ပေ ၄း၁၆ )။

## စစ်မှန်သော အသင်းတော်ထဲသို့ ဝင်ရောက်ခြင်း

လူတယောက်သည် ဧဝံဂေလိသတင်းကောင်းကို နာခံခြင်းအားဖြင့် စစ်မှန်သောအသင်းတော်ထဲသို့ ဝင်ရောက်နိုင်သည် ( ရောမ ၆း ၁၆-၁၈ ၊ ၁ပေ ၁း ၂၂-၂၃ )။ ဧဝံဂေလိ သတင်းကောင်းကို နာခံခြင်း သည် နှတ်ကပတ်တော်ကို ကြားနာခြင်း ( ရောမ ၁၀း၁၇ ) ၊ ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ယုံကြည်ခြင်း ( မာကု ၁၆း၁၆ ) ၊ အပြစ်မှ နောင်တရခြင်း ( တမန်တော် ၂း ၃၈ ) ၊ ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းဝန်ခံ ခြင်း ( တမန်တော် ၈း၃၇ )၊ အပြစ်လွှတ်ခြင်းအတွက် မြုပ်နှံခြင်းအားဖြင့် ဗတ္တိဇံခံခြင်း တို့ဖြစ်သည်။ ( ရောမ ၆း၃-၄ ၊ ဂလာတိ ၃း ၂၆-၂၇ )။ လူတယောက်သည် ထိုတောင်းဆိုချက်များကို နာခံသောအခါ သခင်ဘုရားသည် သူ့အသင်းတော် ထဲတွက် သင်းဝင်စေတော်မူသည် ( တမန်တော် ၂း ၄၇ ၊ ၁ကော ၁၂း၁၃ )။

ဂိုဏ်းဂဏ အသင်းတော်များသည် ကွယ်ပျောက်သွားသည်။ သခင်ဘုရားကြွလာသောအခါ ထိုဂိုဏ်းဂဏအားလုံးတို့ သည် ဖျက်ဆီးခြင်းခံရမည်။( မသဲ ၁၅း ၁၃ )။ ယေရှုခရစ်တော် တည်ထောင်သော အသင်းတော်သာလျှင် ကယ်တင်ခြင်းသို့ရောက် မည်။ ( ဖေက် ၅း ၂၃-၂၇ )။ လူတည်ထောင်သော အသင်းတော်ထဲတွင် ကယ်တင်ခြင်းမရှိပါ။ ဧဝံဂေလိ သတင်းကောင်းကို ယုံကြည်နာခံပါ။ သခင်ဘုရားသည် သင့်ကို သူ့အသင်းတော်ထဲတွင် သင်းဝင်စေတော်မူမည်!။


# လောကအတွက် သမ္မာတရား

***Truth For The World.***

truthfortheworld.org

info@tftw.org

P.O. Box 241
Bethel Springs, TN 38315
U.S.A.



This work is licensed under a Creative Commons Attribution-NonCommercial-NoDerivs 3.0 Unported License


